နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၈၈)
၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်
၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစာအုပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်

(က) နိုင်ငံရေးပါတီဆိုသည်မှာ စစ်မှန်သော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးသော အဖွဲ့အစည်းကိုဆိုလိုသည်၊

(ခ) ရွေးကောက်ပွဲ ဆိုသည်မှာ ပါတီစုံဒီမိုကရေစီ ထွေထွေရွေးကောက်ပွဲကို ဆိုလိုသည်၊

(ဂ) ကော်မရှင်ဆိုသည်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ကို ဆိုလိုသည်။

အခန်း (၂)
နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း

၃။ ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအသီးသီးသည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ရန်ကော်မရှင်သို့ လျှောက်ထားရမည်။ သို့ရာတွင် အောက်ပါအဖွဲ့အစည်း တစ်ရပ်ရပ်သည် မှတ်ပုံတင်ရန် လျှောက်ထားခွင့် မရှိစေရ –

(က) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေငြာခြင်းခံရသော အဖွဲ့အစည်း၊

(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်၊ ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊

(ဂ) နိုင်ငံတော်ပိုင်ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း၊

(ဃ) နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း၊

(င) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသော အဖွဲ့အစည်း၊

(စ) ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်း အဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေး ဘုတ်၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများ နှင့် နိုင်ငံတော်ဘဏ္ဍာငွေမှ လစာခံစားကြသော ဝန်ထမ်းများပါဝင်သည့် အဖွဲ့အစည်း။

၄။ မည်သည့်နိုင်ငံရေးပါတီမဆို ဤဥပဒေအရ မှတ်ပုံတင်ခွင့်ရရှိပြီးမှသာလျှင် ရွေးကောကပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရှိသည်။

အခန်း (၃)
ကော်မရှင်၏ လုပ်ပိုင်ခွင့်များ

၅။ နိုင်ငံရေးပါတီတစ်ခုက မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်အခါ သတ်မှတ်ထားသော နည်းလမ်း များနှင့်အညီ စစ်ဆေးပြီးနောက် ကော်မ ရှင်သည် –

(က) မှတ်ပုံတင်ခွင့်ပြုနိုင်သည် သို့မဟုတ်၊

(ခ) မှတ်ပုံတင်ခွင့်ပြုရန် ငြင်းဆိုနိုင်သည်။

၆။ ရွေးကောက်ပွဲကျင်းပခြင်းမပြုမီ မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီတစ်ခုသည် ပုဒ်မ ၃ ၊ ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ) သို့မဟုတ် (င) တွင်ဖော်ပြထားသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း ကော်မရှင်က တွေ့ရှိလျှင် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည်။

၇။ ရွေးကောက်ပွဲ ကျင်းပခြင်းမပြုမီ မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီတစ်ခုသည် ပုဒ်မ ၃၊ ပုဒ်မခွဲ (စ) တွင် ဖော်ပြထားသည့် အဖွဲ့အ စည်းတစ်ရပ်ဖြစ်ကြောင်း ကော်မရှင်ကတွေ့ရှိလျှင် ယင်းအဖွဲ့အစည်းတွင် ပါဝင်သည့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ပါတီဝင်အဖြစ်မှ နုတ်ထွက်စေရန် ကော်မရှင်က သက်ဆိုင်ရာ နိုင်ငံရေးပါတီနှင့် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအား အကြောင်းကြားရမည်။

၈။ ပုဒ်မ ၅၊ ၆ သို့မဟုတ် ၇ အရ ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း (၄)
အထွေထွေ

၉။ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။